သာယာဝှမ်းကျေးရွာ

ပုဗ္ဗသီရိမြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၂၃ - ၂၀၂၄ခုနှစ်)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

သာယာဝှမ်းကျေးရွာ၊ပုဗ္ဗသီရိမြို့နယ်

(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ပုဗ္ဗသီရိမြို့နယ်မှကူညီရေးဆွဲသည်)

၂၀၂၃ခုနှစ်၊ ဩဂုတ်လ

မာတိကာ

စဉ်	အကြောင်းအရာ	
	စကားချီး	၃-၄
	သာယာဝှမ်းကျေးရွာကျေးရွာသယံဇာတပြမြေပုံ၊ပုဗ္ဗသီရိမြို့နယ်	၅-၉
၁။	**တည်နေရာနှင့်ပထဝီဝင်အနေအထား**	၁၀
၂။	**ရာသီဥတုနှင့်သဘာဝအရင်းအမြစ်များ**	၁၀
၃။	**ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ**	၁၀
၄။	**စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ**	၁၀
	(က) သီးနှံစိုက်ပျိုးရေး	၁၀-၁၁
	(ခ) မွေးမြူရေးလုပ်ငန်း	၁၁-၁၂
	(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းများ	၁၂
	(ဃ) ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု	၁၂
၅။	**အခြေခံအဆောက်အဦနှင့်ဝန်ဆောင်မှုများ**	၁၃
	(က) ကျေးလက်သယ်ယူပို့ဆောင်ရေး	၁၃
	(ခ) ကျေးရွာမီးလင်းရေး	၁၃
	(ဂ) သတင်းနှင့်ဆက်သွယ်ရေး	၁၃
၆။	**ပညာရေး**	၁၄
၇။	**ကျန်းမာရေး၊ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး**	၁၄-၁၅
၈။	**ဘေးန္တရာယ်များနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး**	၁၅
၉။	**ကျား-မရေးရာကိစ္စရပ်ဆိုင်ရာ**	၁၅
၁၀။	**ဦးစားပေးဆောင်ရွက်မည့်အဆိုပြုစီမံချက်လုပ်ငန်းများ**	၁၆-၁၇
နောက်ဆက်တွဲ		
	နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း	၁၈
	နောက်ဆက်တွဲ(၂) ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြု ဇယားများ	၁၉-၂၇
	နောက်ဆက်တွဲ (၃) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှု အခြေပြဇယား	၂၈-၃၂
	နောက်ဆက်တွဲ (၄) ဦးစားပေးစီမံချက်အဆိုပြုလွှာ (၁)	၃၃-၃၄

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၂၃-၂၀၂၄ခုနှစ်၊ဘဏ္ဍာရေးနှစ်မှ ၂၀၂၇-၂၀၂၈ ခုနှစ် ဘဏ္ဍာရေးနှစ်အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျေးရွာ၏ ပထမဦးဆုံးသောလူထုအများ စုပေါင်းပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်း ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများ ပံ့ပိုးပေးသော သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက် များနှင့်အကြံဉာဏ်များကို တက်တက်ကြွကြွပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်းကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ ကြသော်လည်း လူထုအများစုနစ်တကျပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကိုမသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်းအဖြေရှာကြရာတွင် သင်တန်း လုပ်ဆောင်ပေးရုံသာမက နည်းပေးလမ်းပြ ကူညီပံ့ပိုးပေးသည့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနမှဝန်ထမ်းများက စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည်ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက် တို့၏ အရေးပါမှုကိုသိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ရုံးကဲ့သို့သော ကိန်းဂဏန်း အချက်အလက် ရရှိနိုင်သောနေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ် သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာ များမှရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့် ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင် ရမည့် လုပ်ငန်းဖြစ်ပြီးလုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများဆက်လက်လုပ်ဆောင်သွားရပါမည်။


ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသောဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန် အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့်တွင်လည်း အထွေထွေအုပ်ချုပ်ရေးဦးစီး ဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနစသည့် သက်ဆိုင်ရာဦးစီးဌာနအသီးသီးတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍နောင်တွင်လည်း ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးဆိုင်ရာအား ထုတ်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်

ရန်အတွက် ပံ့ပိုးကူညီမှုများရရှိနိုင်မည်ဖြစ်ပါကြောင်းယုံကြည်ပါသည်။


ဤအစီအစဉ်တွင် အဓိကအားဖြင့် ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ၊ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ နှစ်စဉ်ဦးစားပေးစီမံချက်အဆိုပြုလွှာ၊ ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား စသည်တို့ကို အဓိကထားဖော်ပြထားပါသည်။

သြဂုတ်လ၊၂၀၂၃

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ
သာယာဝှမ်းကျေးရွာ
ပုဗ္ဗသီရိမြို့နယ်



သာယာဝှမ်းကျေးရွာသယံဇာတပြမြေပုံ၊ ပုဗ္ဗသီရိမြို့နယ်




ပုဗ္ဗသိရိမြို့နယ် ကျေးရွာတောင်ကုန်းအုပ်ရုံ သာယာဝှမ်းကျေးရွာ 1.8.2023


ဖေဘာဗျူဟာ ချိတ်ဆက်မှု ဇယား

စဉ်	ပြဿနာ	အကြောင်း အရင်း	အခြေအနေကောင်းမှာ	အဟန့်အတား နှုန်းစိုက်ထိန်းမှု	ဖြေရှင်းမည့် နည်းလမ်းများ	အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ
၁။	မိုးဦးစွက်ရေများ အိုင်နေခြင်း (၃၄) ရေပျက် ဝပ်နေခြင်း	ရေဝင်ပေါက် (၃၄) ရေထွက်လမ်း မရှိခြင်း		ပွင့်ပျံ့ပုံစံ မရှိခြင်း	ရွာနှင့်အိုင်ကမ်းနိုးတစ်ခြမ်း (၃၄) ပုံပျံ့ခြင်းမှာခြင်း	အုတ်စီရေဖြောင်း တူးဖော်ခြင်း စီမံချက်
၂။	[redacted] ထွားကုလားစွဲ အဆစ်မမြင်ခြင်း (၃၄) လမ်းများ ပျောက်နေခြင်း	လမ်းများ ခင်းကျင်း ခြင်း (၃၄) ကွင်းကျဉ် မခွဲခြားခြင်း		ပွင့်ပျံ့ပုံစံ မရှိခြင်း	ရွာနှင့်အိုင်ကမ်းတစ်ခြမ်း (၃၄) ပုံပျံ့ခြင်းမှာခြင်း	ပွင့်တွင်း လမ်း ကွင်းကျဉ် ခွဲခြား ခြင်း စီမံချက်
၃။	မီး၊ အပွဲကုတွင် ဝေးနေခြင်း (၃၄) အိမ်ထောင်စု မီး မလင်း ခြင်းခြင်း	တော် အာတိုင် အလုံ အလေးမှ မရှိခြင်း		ပွင့်ပျံ့ပုံစံ မရှိခြင်း	ရွာနှင့်အိုင်ကမ်းတစ်ခြမ်း (၃၄) ပုံပျံ့ခြင်းမှာခြင်း	တော် အား၊ တိုင်တိုး အုံကျေး စီမံချက်
၄။	ပွင့်ဖွင့်ရုံငယ် များ အလုပ်လက် မဲ့ ဖြစ်ခြင်း	ထွန်စက်မောင်း သင်တန်း မရှိခြင်း		ပွင့်ပျံ့ပုံစံ မရှိခြင်း	ရွာနှင့်အိုင်ကမ်းတစ်ခြမ်း (၃၄) ပုံပျံ့ခြင်းမှာခြင်း	ထွန်စက်မောင်း သင်တန်း စီမံချက်
၅။	ဖျစ်မြို့ခြင်း ကူးသွားမှု မခံ ဖြစ်ခြင်း (၃၄) ဆေးအမှတ်တရ ရှိခြင်း	ဆေးပေး ခန်း မရှိခြင်း (၃၄) ဆေးခန်း ဝေး ခြင်း		ပွင့်ပျံ့ပုံစံ မရှိခြင်း	ရွာနှင့်အိုင်ကမ်းတစ်ခြမ်း (၃၄) ပုံပျံ့ခြင်း မရှိခြင်း	ကျေးလက် ဆေးပေး ခန်း စီမံချက်


သာယာဝှမ်းကျေးရွာမဟာဗျူဟာပြမြေပုံ၊ ပုဗ္ဗသိရိမြို့နယ်



သာယာဝမ်းကျေးရွာဥစ္စာခန့ပြန်မြေပုံ၊ ပုဗ္ဗသီရိမြို့နယ်



သာယာဝှမ်းကျေးရွာအဖွဲ့အစည်းချိတ်ဆက်မှုပြဖြေပုံ၊ ပုဗ္ဗသီရိမြို့နယ်



ပုဗ္ဗသီရိမြို့နယ် ကျေးတောရကဏ္ဍ အဂ္ဂိစ္ဆ သာယာဖွံ့ဖြိုးရေးကွင်း

30.7.2023

ကုသိုလ်ဖွင့်ပွဲမှတ်တမ်း

စဉ်	အကြောင်းအရာ	တန်ခူး	ကဆုန်	နယုန်	ဝါဆို	ဝါခေါင်	တော်သလင်း	သီတင်းကျွတ် တန်ဆောင်တိုင်	ဒီပတော်	ဖောဆိုလ်	တပို့တွဲ	တပေါင်း
၁။	ကုသိုလ်ဥတု											
၂။	အာလယ အကိုင်	ကျပန်း	နှံကျိုးငါး	နှံကျိုးငါး	နှံကျိုးငါး	နှံကျိုးငါး	ကျပန်း	နှံကျိုးစေး	နှံကျိုးငါး	ကျပန်း	ကျပန်း	ကျပန်း	ကျပန်း
၃။	ဝင်ငွေကျိန်းမှု	အသင့်အတင့်	အသင့်အတင့်	အသင့်အတင့်	အသင့်အတင့်	ကောင်း	ကောင်း	နှံသဲ	နှံသဲ	ကောင်း	အသင့်အတင့်	နှံသဲ	နှံသဲ
၄။	စားသုံးဝရိတ် ထွက်ငွေ												
၅။	သောက်သုံးရေ ပျံ့နှံမှု												
၆။	တိရိစ္ဆာန်ကဲ့သို့ ကျင်လည်မှု			တောင်ပုံးကျွတ်ပြာ	ဝက်နှာကျွတ်ပြာ				ဆွန်းမျှော်နှာ	ဆွာ်ကမျှော်နှာ	လသည်တို့		
၇။	ကျွဲ၊နွားငယ်၊ အာဟိန်အရေ (ပေး)			တည်ကွေး	တည်ကွေး	တည်ကွေး							
၈။	တိရိစ္ဆာန် အစာ ပျံ့နှံမှု	၄	၄	၃၃	၂၃၃၃	၂၂၂၂	၃၃၃	၃၃၃	၃၃	၃၃	၃၃	၄	၄
၉။	မူတော်များ	သင်္ကြန် မူတော်						ဖီးဆုံးမူ				ထဖန်	
၁၀။	သဘာဝဟေး အန္တရာယ်		မုန်တိုင်း	မုန်တိုင်း	မိုးကြိုး	မိုးကြိုး							

သာယာဝှမ်းကျေးရွာရာသီခွင်ပြဖြေပုံ၊ ပုဗ္ဗသီရိမြို့နယ်

၁။ တည်နေရာနှင့်ပထဝီဝင်အနေအထား

သာယာဝှမ်းကျေးရွာသည် ဇေယျာသီခရိုင်၊ ပုဗ္ဗသီရိမြို့နယ်၏ **ကျည်တောင်ကန်ကျေးရွာ**အုပ်စုတွင်တည်ရှိပြီး **Longitude 96.214141၊ Lattitude 19.86996**တွင်တည်ရှိပါသည်။ ကျေးရွာ၏ အရှေ့ဘက်တွင် ဇီးကုန်းကျေးရွာ၊အနောက်ဘက်တွင် ကျည်တောင်ကန်(၁)ရပ်ကွက်၊ တောင်ဘက်တွင် သန့်ဇင်လှကျေးရွာ၊သာဂလကျေးရွာနှင့် မြောက်ဘက်တွင် **လယ်ကွင်းများနှင့်** ဆက်လျက်တည်ရှိနေပါသည်။ ကျေးရွာတွင်ဗမာလူမျိုးများအများစု နေထိုင်ကြပြီး အခြားလူမျိုးအနည်းစုနေထိုင်ကြပါသည်။ သာယာဝှမ်းကျေးရွာသည် မြေပြန့်လွင်ပြင်ဒေသဖြစ်ပါသည်။

၂။ ရာသီဥတုနှင့်သဘာဝအရင်းအမြစ်များ

ကျေးရွာ၏ရွာသီဥတုမှာပူပြင်းခြောက်သွေ့သောရာသီဥတုရှိပြီးအမြင့်ဆုံးအပူချိန် (၄၃˚C) နှင့် အနိမ့်ဆုံးအပူချိန် (၂၃˚C)ဖြစ်ပါသည်။ မိုးအသင့်အတင့် ရွာသွန်းမှုများရှိပါသည်။ စိုက်ပျိုးနိုင်သော မြေဧရိယာမှာလယ်မြေ(၁၂၂.၅) ဧက ယာမြေ(၁၃၀)ဧကရှိပါသည်။ အိမ်ခြံမြေများတွင်လည်း ရာသီအလိုက်ဟင်းသီးဟင်းရွက်ပင်များကို တစ်ပိုင်တစ်နိုင်စိုက်ပျိုးကြပါသည်။ မြေအမျိုးအစားမှာသဲနုန်းမြေဖြစ်ပြီး မြေဆီလွှာအရည်အသွေးမှာ အသင့်အတင့်ကောင်းမွန်ပါသည်။

၃။ ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ

ကျေးရွာအတွင်းရှိ လူထုအခြေပြုအဖွဲ့အစည်းများတွင် ဘာသာရေးအဖွဲ့(ကျား-၂၃ဦး)၊ (မ - ၁၅ဦး)သည် ကျေးရွာ၏ပညာရေး၊ ကျန်းမာရေး၊ ဘာသာရေး၊ သာရေး နာရေး၊ လူမှုဖွံ့ဖြိုးရေးလုပ်ငန်းများတွင် စည်းရုံးလုပ်ဆောင်နေကြပါသည်။ ကျောင်းကော်မတီအဖွဲ့ (ကျား-၄ဦး)သည် ကျေးရွာ၏ပညာရေးလုပ်ငန်းများ၊ လူငယ်ပရဟိတအဖွဲ့သည် (ကျား-၁၃ ဦး၊ မ-၈ဦး)သည် သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ဘာသာရေးလုပ်ငန်းများတွင် အားတက်သရော စုပေါင်းလုပ် ဆောင်နေကြပါသည်။

ကျေးရွာအတွင်းရှိ အဖွဲ့အစည်းများသည် တစ်ဖွဲ့နှင့်တစ်ဖွဲ့ စုစည်းညီညာစွာဖြင့် ကျေးရွာဖွံ့ဖြိုးရေးအတွက် အားတက်သရောစုပေါင်းလုပ်ဆောင်နေကြပါသည်။ သို့သော်လည်း အေးမြင့်သာယာကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများမရှိပါ။

၄။စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(က) သီးနှံစိုက်ပျိုးရေး

သာယာဝှမ်းကျေးရွာတွင်၂.၅ဧကအောက် ဆင်းရဲသားတောင်သူ **(၂၄)** အိမ်ထောင်စု၊ ၂.၅ဧကမှ၅ဧကကြား တောင်သူငယ် **(၁၉)** အိမ်ထောင်စု၊ **၁၂.၅ဧကအထက် တောင်သူကြီး (၁၉) ဦး** စသည်တို့ရှိကြပြီး ၅ဧကမှ၁၂.၅ဧကကြား တောင်သူလတ်**မရှိပါ။** အဓိကအားဖြင့် **ကြံစိုက်ပျိုးလျက်ရှိပြီး ရာသီအလိုက် ပဲတီစိမ်းနှမ်းနှင့် လယ်မြေများတွင် စပါးစိုက်ပျိုးလျက် ရှိပါသည်။**

ထို့အပြင် ဥယျာဉ်ခြံသီးနှံများကို စိုက်ပျိုးကြပါသည်။ မြေယာမဲ့အိမ်ထောင်**စု**သည် စုစုပေါင်း အိမ်ထောင်စုထက် ထက်ဝက်ခန့်ရှိပြီး အများစုသည် နေ့စားကျပန်းနှင့် ပြည်ပတွင် သွားရောက် လုပ်ကိုင်နေကြပါသည်။

ကျေးရွာ၏စိုက်ပျိုးရေးမှာ မိုးရေကိုသာအဓိကထားစိုက်ပျိုးလုပ်ကိုင်ကြပါသည်။ **အထွက်** နှုန်းမှာ ရာသီဥတုအပေါ်အခြေခံ၍ ပြောင်းလဲလျက်ရှိပါသည်။ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင် သူများအနေဖြင့် ထွက်ရှိလာသောသီးနှံများအား ရောင်းချရာတွင် မျိုးကောင်းမျိုးသန့်များဝယ် ယူရရှိနိုင်သော်လည်း အရင်းအနှီးမလုံလောက်ခြင်း၊ နည်းပညာသိရှိမှုအားနည်းခြင်း၊ ဈေးကွက် မတည်ငြိမ်မှုကြောင့် အကျိုးအမြတ်ရရှိမှုတွင် အသင့်အတင့်သာရှိပါသည်။ စိုက်ပျိုးရေးလုပ်ငန်း တွင် လုပ်သားအင်အားရှားပါးလာခြင်း၊ လယ်ယာသုံးစက်ကိရိယာမလုံလောက်ခြင်း၊ စိုက်ပျိုး စရိတ်မလုံလောက်ခြင်းစသည့် အခက်အခဲများကိုလည်းကြုံတွေ့လျက်ရှိပါသည်။ ထို့ကြောင့် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်နေသူများအတွက် စိုက်ပျိုးရေးဆိုင်ရာနည်းပညာများ တိုးတက် စေရန် သင်တန်း/ဟောပြောပွဲများပြုလုပ်ပေးခြင်း၊ စိုက်ပျိုးရေးအတွက် အတိုးနည်းချေးငွေများ ရရှိအောင်ဆောင်ရွက်ခြင်း၊ လယ်ယာသုံးစက်ကိရိယာများ သင့်တင့်သောဈေးနှုန်းဖြင့် ငှားရမ်း/ ဝယ်ယူအသုံးပြုနိုင်ရေး ချိတ်ဆက်ဆောင်ရွက်ပေးခြင်းများ ဆောင်ရွက်ပေးခြင်းဖြင့် ပိုမိုအဆင် ပြေလာနိုင်မည်ဖြစ်ပါသည်။

ကျေးရွာအတွင်းရှိ လယ်သမားများတွင်တစ်ဦးချင်းပိုင် **လယ်ယာသုံးစက်ကိရိယာများ မရှိသောကြောင့်** တောင်သူများသည် ငှားရမ်းအသုံးပြုကြပါသည်။

သီးနှံအထွက်တိုးစေရန် သဘာဝမြေဆွေး၊ အော်ဂဲနစ်မြေဩဇာနှင့် သွင်းအားစုများ၊ ဓာတု ပိုးသတ်ဆေး၊ ဓာတ်မြေဩဇာနှင့် အခြားဓာတုဗေဒသွင်းအားစုများ၊ သီးနှံမျိုးစေ့များကိုလည်း လွယ်ကူစွာဝယ်ယူရရှိနိုင်ပါသည်။သီးနှံဈေးကွက်နှင့်ဝန်ဆောင်မှုတွင်ကုန်သည်ပွဲစားများမှတစ် ဆင့်ရောင်းချ**ခြင်း** ၊ ပျဉ်းမနား**ဈေးနှင့် ကျည်တောင်ကန်ဈေးသို့ ကုန်စည်ဒိုင်များတွင် ကိုယ်တိုင် သွားရောက်သွင်းခြင်းဖြင့် ဈေးကွက်စီးပွားမှာအဆင်ပြေလျက်ရှိ**ကြပါသည်။ မိုးစပါးစိုက်ပျိုးရာ တွင် စပါးဖျက်ပိုးနှင့်ခရုများ အနည်းငယ်ကျရောက်ပါသည်။

(ခ) မွေးမြူရေးလုပ်ငန်း

ကျေးရွာတွင် မွေးမြူရေးလုပ်ကိုင်သူများမှာ စိုက်ပျိုးရေးနှင့်တွဲဖက်၍လုပ်ကိုင်ကြပြီး အိမ်ထောင်စုအများစုမှာ နွားမွေးမြူပြီး ကြက်နှင့်ဝက်မွေးမြူသောအိမ်ထောင်စုများလည်း ရှိပါသည်။ ဆိတ်မွေးမြူသူအနည်းငယ်ရှိပါသည်။ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူများအနေဖြင့် မွေးမြူရေးနှင့်ပတ်သက်သည့်နည်းပညာများနှင့် ကာကွယ်ဆေးထိုးခြင်း ဝန်ဆောင်မှုများရှိသော်လည်း ကျေးရွာသူ/သားများ၏အသိပညာနည်းပါးခြင်း၊ ငွေကုန်ကြေးကျ မခံလိုခြင်းများကြောင့် ရာသီကူးပြောင်းချိန်တွင် ရောဂါများကူးစက်ခံရပြီး မွေးမြူရေးဆိုင်ရာ အသိပညာအားနည်းခြင်း၊ ကြိုတင်ကာကွယ်ဆေးထိုးရန် ငွေကုန်မခံလိုခြင်း၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်မှုအားနည်းခြင်း၊ မိရိုးဖလာမွေးမြူရေးနည်းများကိုသာ အသုံးပြုသည့်အ

တွက် အကျိုးအမြတ်အနည်းငယ်သာရရှိပါသည်။ ထို့ကြောင့် မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် မျိုးကောင်းမျိုးသန့်များမွေးမြူနိုင်ရေးဆောင်ရွက်ပေးခြင်း၊ မွေးမြူရေးဆိုင်ရာအသိပညာများ တိုးတက်အောင်ဆောင်ရွက်ပေးခြင်း၊ ကြိုတင်ကာကွယ်ဆေးထိုးခြင်းများ ဆောင်ရွက်နိုင်ရန်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ပေးခြင်း၊ ပုဂ္ဂလိကစီးပွားဖြစ်မွေးမြူရေးလုပ်ငန်းများနှင့် ချိတ်ဆက်ဆောင်ရွက်ပေးမည်ဆိုပါက မွေးမြူရေးလုပ်ငန်း လုပ်ကိုင်လိုသူ ကျေးရွာသူကျေးရွာသားများအနေဖြင့် တစ်နိုင်တစ်ပိုင်မှ စီးပွားဖြစ်တိုးချဲ့မွေးမြူနိုင်မည်ဖြစ်ပါသည်။

(ဂ) စိုက်ပျိုးရေး၊မွေးမြူရေးမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းများ

ကျေးရွာတွင် အိမ်ထောင်စုပေါင်း(၁၈၃)ရှိသည့်အနက် မြေယာမဲ့(၁၃၈)အိမ်ထောင်စုရှိသည်ကိုတွေ့ရှိရပါသည်။ ကျေးရွာတွင် အိမ်တွင်းမှုထုတ်ကုန်လုပ်ငန်းမရှိပါ။ ဝင်ငွေရလုပ်ငန်းများအနေဖြင့် အရောင်းအဝယ်(စျေးရောင်း)လုပ်ကိုင်သူ (၁၅)အိမ်ထောင်စု၊ အသက်မွေးဝမ်းကျောင်းလုပ်ကိုင်သူများတွင် အစိုးရဝန်ထမ်းလုပ်ကိုင်သူအိမ်ထောင်စု (၄)စု၊ကားမောင်းသူ (၆)အိမ်ထောင်စု၊ လက်သမား၊ စက်ချုပ်၊ ဝပ်ရှော့၊ ကယ်ရီ၊ ပန်းရံ၊ ပန်းပု၊ ဝရိန်နှင့် သံပန်းလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်းအိမ်ထောင်စု (၁၅)စုရှိသည်ကို တွေ့ရှိရပါသည်။ ကျန်အိမ်ထောင်စုများသည်ကျပန်း/နေ့စားလုပ်ငန်းများ လုပ်ကိုင်လျက်ရှိပါသည်။ ကျပန်း/နေ့စားလုပ်ကိုင်သူများပြားသည့်အပြင် ၎င်းတို့အနေဖြင့် အလုပ်ရုံ၊ စက်ရုံများမရှိခြင်း၊ စိုက်ပျိုးရာသီတွင်အလုပ်အကိုင်ရှိပြီး ကျန်အချိန်များတွင် အလုပ်အကိုင်ရှားပါးပြီး ဝင်ငွေမမှန်ခြင်းများကြောင့် မိသားစုစားဝတ်နေရေးအခက်အခဲများ ဖြစ်ပေါ်လျက်ရှိပါသည်။ ကျပန်း/နေ့စားလုပ်ကိုင်သူများအနေဖြင့် အသက်မွေးဝမ်းကျောင်းပညာရပ်များ တတ်မြောက်မှုနည်းပါးခြင်း၊ သင်တန်းတက်ရောက်ရန် စိတ်ပါဝင်စားသော်လည်း ငွေကြေးမတတ်နိုင်ခြင်း၊ တစ်ပိုင်တစ်နိုင်လုပ်ငန်းများ လုပ်ကိုင်ရန်အတွက် အရင်းအနှီးမရှိခြင်းများ ဖြစ်ပေါ်လျက်ရှိပါသည်။ ထို့ကြောင့် တစ်ပိုင်တစ်နိုင်လုပ်ငန်းများ လုပ်ကိုင်လိုသူများအတွက် အတိုးနည်းချေးငွေရရှိရေးဆောင်ရွက်ပေးခြင်း၊ အသက်မွေးဝမ်းကျောင်းဆိုင်ရာ သင်တန်းများဖွင့်လှစ်နိုင်ရေး ချိတ်ဆက်ဆောင်ရွက်ခြင်းများ ပြုလုပ်မည်ဆိုပါက စီးပွားရေးအခြေအနေပိုမိုတိုးတက်လာနိုင်မည် ဖြစ်ပါသည်။

(ဃ) ဘဏ်နှင့်ငွေကြေးဆိုင်ရာလုပ်ငန်းများ

ကျေးရွာတွင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ စိုက်ပျိုးရေးချေးငွေရရှိသော်လည်းပုံစံ(၇)ရှိသူများကိုသာ ထုတ်ချေးပေးခြင်းဖြစ်ပါသည်။ ကျေးရွာသူ/သားများအနေဖြင့် ဘဏ်ဝန်ဆောင်မှုများနှင့်အလှမ်းဝေးခြင်း၊ အခြားပုဂ္ဂလိကချေးငွေထုတ်ချေးသူများရှိသော်လည်း အတိုးနှုန်းများခြင်း၊ အပတ်စဉ်အရစ်ကျပြန်လည်ပေးဆပ်ရခြင်း၊ သတ်မှတ်ထားသောစည်းကမ်းချက်များနှင့်ကိုက်ညီသူများကိုသာထုတ်ချေးပေးခြင်း၊ လုပ်ငန်းရင်းနှီးလုပ်ကိုင်ရန်အတွက် ချေးငွေရရှိမှုနည်းပါးခြင်း/မလုံလောက်ခြင်းများတွေ့ရှိရပါသည်။ ထိုကြောင့် ကျေးရွာသူ/သားများအနေဖြင့် လုပ်ငန်းရင်းနှီးငွေလုံလောက်စွာရရှိရေး၊ အတိုးနည်းချေးငွေရရှိရေးများအတွက် ဘဏ်/ငွေကြေးဝန်ဆောင်မှုအဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်သွားရန်လိုအပ်ပါသည်။

၅။အခြေခံအဆောက်အဦနှင့်ဝန်ဆောင်မှုများ

(က) ကျေးလက်သယ်ယူပို့ဆောင်ရေးနှင့်ဝန်ဆောင်မှုအခြေခံအဆောက်အဦ

မိမိတို့ကျေးရွာသည် ကုန်စည်များရောင်းဝယ်ဖောက်ကားနိုင်ရေးအတွက် ကျည်တောင်ကန်စျေးသည်အနီးဆုံးတွင်တည်ရှိနေပြီး လက်ကားရောင်းဝယ်ခြင်း၊ အဝယ်ဒိုင်များသို့ရောင်းချခြင်းများအတွက် ပျဉ်းမနားစျေးသို့ ထုတ်ကုန်များအား ရောင်းချလျက်ရှိပါသည်။ ကုန်စည်များသယ်ယူရာတွင် နွားလှည်း၊ ဆိုင်ကယ်၊ ထော်လာဂျီ၊ သုံးဘီးဆိုင်ကယ်နှင့် ကားများကို အသုံးပြုလျက်ရှိပါသည်။မိမိတို့ကျေးရွာသည် ရန်ကုန်-မန္တလေး(လမ်းဟောင်း) ကားလမ်းမကြီးအနီးတွင်တည်ရှိသည့်အတွက် ထုတ်ကုန်များရောင်းချခြင်း၊ အသုံးအဆောင်ပစ္စည်းများ ဝယ်ယူခြင်းများတွင် သွားလာရအဆင်ပြေချောမွေ့ပါသည်။ သို့သော် ရွာတွင်းလမ်းများသည်မြေသားလမ်းဖြစ်ပြီး ပွင့်လင်းရာသီတွင်သာအသုံးပြု၍အဆင်ပြေပါသည်။မိုးရာသီတွင်မိုးရေတင်ခြင်း၊ဆင်သေချောင်းမှရေလျှံခြင်းများကြောင့်ဗွက်များထခြင်း၊လမ်းချော်ခြင်းများဖြစ်ပေါ်သဖြင့်ကျေးရွာသူ/သားများ၊ကျောင်းသား/သူများနှင့်အနီးရှိအခြားကျေးရွာများမှလမ်းအသုံးပြုသူကျေးရွာသူ/သားများအနေြဖင့်သွားလာရခက်ခဲလျက်ရှိပါသည်။ထို့ကြောင့်ရွာတွင်းလမ်းများပြုပြင်ပြီးဖြစ်ပါကယခုထက်သွာားလာရပိုမိုလွယ်ကူခြင်း၊ကုန်စည်များပို့ဆောင်ရာတွင်ပိုမိုအဆင်ပြေလာမည်ဖြစ်ပါသည်။

(ခ) လျှပ်စစ်စွမ်းအင်ဆိုင်ရာအခြေခံအဆောက်အဦးများ

သာယာဝှမ်းကျေးရွာတွင် မဟာဓါတ်အားလိုင်းမှလျှပ်စစ်မီးသုံးစွဲသူအိမ်ထောင်စု (၁၅၆)စုရှိပြီး ကျန်ရှိအိမ်ထောင်စုများသည်ဖယောင်းတိုင်၊ ဘတ္ထရီမီးများကိုသာအသုံးပြုကြပါသည်။

(ဂ) ဆက်သွယ်ရေး၊သတင်းနှင့်နည်းပညာဆိုင်ရာအခြေခံအဆောက်အဦ

ကျေးရွာတွင်ဆက်သွယ်ရေးအနေဖြင့်ဖုန်းအသုံးပြုနိုင်သူ(၇၅%)ရှိပါသည်။သတင်းအချက်အလက်နည်းပညာများအနေဖြင့်ကျေးရွာစာကြည့်တိုက်ရှိခြင်း ၊ဖုန်းအသုံးပြုသူများအနေဖြင့် internet၊ facebookများအသုံးပြုခြင်း၊ တီဗွီနှင့်ရေဒီယိုများအသုံးပြုခြင်းဖြင့် ဗဟုသုတနှင့်နည်းပညာအချက်အလက်များကိုရရှိကြောင်း တွေ့ရှိရပါသည်။ သို့သော် ကျေးရွာစာကြည့်တိုက်အဆောက်အဦသည်ပျက်စီးနေခြင်းစာအုပ်အမျိုးအစားစုံစုံလင်လင်မရှိခြင်းများအတွက်ကျေးရွာစာကြည့်တိုက်ပြန်လည်ပြုပြင်ခြင်းနှင့်ကျေးရွာအတွင်းရှိစာဖတ်ဝါသနာပါသူများစုပေါင်း၍အသင်ားအဖွဲ့တစ်ခုဖွဲ့စည်းပြီးစာအုပ်များစုဆောင်းခြင်း၊စာအုပ်များအလှူခံခြင်းများအပြင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့်ချိတ်ဆက်ဆောင်ရွက်သွားမည်ဆိုပါကဗဟုသုတနှင့်သတင်းအချက်အလက်နည်းပညာများပိုမိုတိုးတက်လာနိုင်ပါသည်။

၆။ ပညာရေး

(က) ပညာရေးဝန်ဆောင်မှုရရှိနိုင်မှုအခြေအနေ

မိမိတို့ကျေးရွာတွင် အခြေခံပညာမူလတန်းကျောင်းရှိပါသည်။ မိမိတို့ကျေးရွာနှင့် ကျေးရွာအနီးရှိ အခြားကျေးရွာမှကလေးများအနေဖြင့် မူလတန်းပညာကိုသွားလာရလွယ်ကူစွာသင်ကြားနိုင်သော်လည်း အလယ်တန်းနှင့်အထက်တန်းကျောင်းသား/သူများအနေဖြင့် အ.ထ.က (၂၀)သို့စက်ဘီး၊ဆိုင်ကယ်များဖြင့်သွားရောက်သင်ကြားရပါသည်။ ဆရာ၊ဆရာမစုစုပေါင်း (၁၃)ဦးရှိပါသည်။ ကျောင်းတွင်ပညာသင်ကြားသူစုစုပေါင်း(၃၄၃)ဦးရှိပါသည်။ ကျောင်းကော်မတီကဦးဆောင်၍ကျောင်းသားစုံညီပွဲတော်၊ပညာရည်ချွန်ဆုပေးပွဲများကျင်းပပေးပါသည်။ စာသင်ကျောင်းဝန်းအတွင်းကျောင်းဆောင်(၅)ဆောင်နှင့် ဆရာ/ဆရာမနားနေဆောင်(၁)ရှိပြီး ကျောင်းဆောင်(၁)သည် ၂၆' x ၂၅' x၁၂'၊ကျောင်းဆောင်(၂)သည် ၁၅၀' x ၃၀' x၁၂' ရှိပြီး ကျောင်းဆောင်(၃)သည်၆၃' x ၁၉' x၁၀' ကျောင်း(၄)သည် ၆၀' x ၃၀' x၁၁' ရှိပြီး ဆရာ/ဆရာမနားနေဆောင် ၃၆' x ၁၇' x၉' နှင့် တည်ဆောက်ဆဲ ကျောင်းဆောင်(၆)သည် ၆၀' x ၃၀' x၁၂' ရှိပါသည်။ စာသင်ကျောင်း၏ စုစုပေါင်းကြမ်းခင်းဧရိယာမှာ (၁၀၅၅၉)စတုရန်းပေရှိပါသည်။ကျောင်းဝန်းသည်ကျယ်ဝန်းသည့်အတွက်ကလေးငယ်အနေဖြင့် လွတ်လပ်စွာကစားနိုင်ပါသည်။နှစ်စဉ်ကျောင်းသားဦးရေတိုးလာသည့်အတွက်မူလတန်းကျောင်းမှအလယ်တန်းကျောင်းအဆင့်မြှင့်တင်ရန်လိုအပ်လျက်ရှိပါသည်။ကျောင်းအဆင့်မြှင့်တင်မည်ဆိုပါက ကျောင်းဆောင်တိုးချဲ့ဆောက်လုပ်ရန်အတွက်မြေနေရာရှိပြီးဖြစ်ပါသည်။ စာသင်ကျောင်းလက်ရှိအခြေအနေသည်ခြံစည်းရိုးများပျက်စီးလျက်ရှိသည့်အတွက်ကျောင်းသား/သူများအတွက်မလုံခြုံသည့်အပြင် အန္တရာယ်များကြုံတွေ့နိုင်ပါသည်။ ကျေးရွာသူ/သားများအနေဖြင့် စာသင်ကျောင်းခြံစည်းရိုးပြုပြင်လိုစိတ်ရှိသည့်အပြင် လုပ်အားများထည့်ဝင်နိုင်သော်လည်း ငွေကြေးမလုံလောက်သည့်အခက်အခဲရှိပါသည်။ ကျေးရွာအတွင်းရှိ မသန်စွမ်းကလေးငယ်များအတွက် ပညာရေးအစီအစဉ်များမရှိပါ။

၇။ ကျန်းမာရေး

(က) ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာဝန်ဆောင်မှုရရှိမှုအခြေအနေ

သာယာဝှမ်းကျေးရွာတွင်ကျန်းမားရေးဌာနမှတာဝန်ကျဆရာ/မများမှကာကွယ်ဆေးထိုးနှံပေးမှုများရှိသော်လည်းကျန်းမာရေးအတွက်ကုသရန်ကျေးလက်ဆေးပေးခန်းရှိပါသည်။ကျေးရွာတွင်သွေးတိုး၊ဆီးချိုရောဂါဖြစ်ပွားသူတစ်နှစ်ထက်တစ်နှစ်များပြားလာပါသည်။ရာသီလိုက်ဖြစ်ပွားတတ်သောဝမ်းပျက်ဝမ်းလျော၊သွေးလွန်တုပ်ကွေးဖြစ်ပွားမှုသည်အနည်းငယ်သာရှိပါသည်။ဆေးဆိုင်များသည်ကျေးရွာအတွင်းမရှိပါ။ဆေးလိုအပ်ပါကပျဉ်မနား၊ကျည်တောင်ကန်ကျေးရွာများသို့သွားရောက်ဝယ်ယူရခြင်းဖြစ်ပါသည်။ကိုယ်ဝန်ဆောင်မိခင်များနှင့်သက်ကြီးရွယ်အိုများ၊အဆေးပေါ်ဆေးကုသရန်လိုအပ်သူများအနေဖြင့်ကျန်းမာရေးနှင့်ပတ်သတ်၍ပုဗ္ဗသီရိ၊ပျဉ်းမနားဆေးရုံများသို့သွားရောက်ပြသရသည့်အတွက်သွားလာရာတွင်ရွာတွင်းလမ်းများမကောင်းခြင်း၊သွားလ

ာရဝေးခြင်း၊အလွယ်တကူကားငှား၍မရခြင်းစသည့်အခက်အခဲများရှိပါသည်။ထို့ကြောင့်ကျန်းမ ာရေးအတွက်ကျန်းမာရေးအသိပညာပေးဟောပြောပွဲများကျင်းပပေးခြင်းဖြင့်ကျေးရွာသူကျေး ရွာသားများအတွက်ကျန်းမာရေးအသိပညာများတိုးပွားလာပြီးကျန်းမာရေးအတွက်ပိုမိုစိတ်ချရ သည့်အခြေအနေများရရှိနိုင်ပါသည်။

(ခ) သောက်သုံးရေရရှိမှုနှင့်သန့်ရှင်းရေး

ကျေးရွာတွင်အဝီစိတွင်း/တုံကင်(၁၂)တွင်း၊ အဝီစိတွင်း/စက်တပ်(၂၃၈)ရှိပြီး ကျေးရွာသူ/သားများအနေဖြင့်နွေ၊မိုး၊ဆောင်းသုံးရာသီလုံးလုံလောက်မှုရှိပါသည်။ ကိုယ်ပိုင် ရေတွင်းမရှိသူကျေးရွာသူ/သားများအနေဖြင့်လည်း နီးစပ်ရာအိမ်ထောင်စုများနှင့်တွဲဖက် အသုံး ပြုခြင်းဖြစ်ပါသည်။ကျေးရွာရှိအိမ်ထောင်စုအားလုံးသည်ယင်လုံအိမ်သာများကိုသာအသုံးပြုကြပါ သည်။ကျေးရွာရှိအိမ်ထောင်စု (၂၅၅)ဦးသည်ကိုယ်ပိုင်ယင်လုံအိမ်သာ များရှိပြီးကျန်အိမ်ထောင် စုများမှာမိဘများနှင့်တွဲဖက်နေထိုင်အသုံးပြုကြခြင်းဖြစ်ပါသည်။

၈။ သဘာဝဘေးအန္တရာယ်ထိခိုက်မှုအခြေအနေ

အေးမြင့်သာယာကျေးရွာတွင်သဘာဝဘေးအန္တရာယ်အနေဖြင့်ဆိုးဆိုးဝါးဝါးအခြေအနေမ ျားကြုံတွေ့ရခြင်းမရှိသေးပါ။

၉။ ကျား၊မရေးရာ

လူဦးရေဆိုင်ရာအချက်အလက်အရအမျိုးသမီးဦးရေသည်အမျိုးသားဦးရေထက်ပိုမိုများပြ ားသည်ကိုတွေ့ရပါသည်။ပညာရေးဆိုင်ရာကဏ္ဍများတွင်လည်းအမျိုးသမီးများသည်အမျိုးသား များထက်ပညာလေ့လာသင်ယူရာတွင်ပိုမိုများပြားပါသည်။ထို့ကြောင့်ပညာရေးကဏ္ဍအနေဖြင့်အ မျိုးသမီးများတန်းတူအခွင့်အရေးရရှိပါသည်။အုပ်ချုပ်ရေးပိုင်းတွင်အမျိုးသမီးများပါဝင်ဆောင်ရွ က်ရန်ခွင့်ပြုထားသော်လည်းအမျိုးသမီးများအနေဖြင့်အိမ်မှုကိစ္စများကိုသာဦးစားပေးဆောင်ရွက် နေရသည့်အတွက်ပါဝင်မှုမရှိပါ။သို့သော်လည်းလူမှုရေးကိစ္စများ၊ကျေးရွာသာရေး၊နာရေးကိစ္စများ တွင်အမျိုးသမီးများတက်တက်ကြွကြွပါဝင်လုပ်ဆောင်ကြပါသည်။မိမိတို့ကျေးရွာတွင်အမျိုးသမီး များ၌သံသယဖြစ်ဖွယ်အကြမ်းဖက်မှုများ (သို့မဟုတ်) တိုင်ကြားမှုများမရှိခဲ့ပါ။ အကြမ်းဖက်မှု ဆိုင်ရာဥပဒေနှင့်ပတ်သတ်၍ကျေးရွာလူထု၌အသိပညာရှိကြပါသည်။

၁၀။ဦးစားပေးဆောင်ရွက်မည့်အဆိုပြုစီမံချက်လုပ်ငန်းများ

ကျေးရွာအုပ်စုအမည် – ကျည်တောင်ကန်			ကျေးရွာအမည် – သာယာဝှမ်း	ဦးစားပေးအဆင့်	မှတ်ချက်
စဉ်	ကဏ္ဍ	စီမံချက် ဆိုလိုရင်း	စီမံချက်နှင့်လုပ်ငန်းစဉ်များ		
၁	အုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲရေး	အုပ်ချုပ်ရေး နှင့် စီမံခန့်ခွဲရေး	–		
၂	စိုက်ပျိုးရေး	နည်းပညာ			
၃	မွေးမြူရေးနှင့်ငါးလုပ်ငန်း – မွေးမြူရေးဆေးပညာ	တိရိစ္ဆာန် မွေးမြူရေး	–		
၄	ထုတ်ကုန်လုပ်ငန်းနှင့်အသေး စား–အလတ်စား စီးပွားရေး လုပ်ငန်းများ ဆိုင်ရာ	ထုတ်ကုန်လုပ်ငန်းများ၊ SMLE			
၅	ငွေကြေး	အသေးစား			
၆	ပညာရေး	ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊ သင်ထောက်ကူ			
၇	ပညာရေး	ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊ သင်ထောက်ကူ			
၈	ကျန်းမာရေး	ကျေးလက် ကျန်းမာရေး၊	ကျေးလက်ဆေးပေးခန်းဆောင်ရွက်ခြင်း	၄	

ကျေးရွာအုပ်စုအမည် – ကျည်တောင်ကန်			ကျေးရွာအမည် – သာယာဝှမ်း	ဦးစားပေးအဆင့်	မှတ်ချက်
စဉ်	ကဏ္ဍ	စီမံချက် ဆိုလိုရင်း	စီမံချက်နှင့်လုပ်ငန်းစဉ်များ		
၉	Transformerတပ်ဆင်ခြင်း	စိုက်ပျိုးရေးရှိရေး			
၁၀	အခြေခံအဆောက်အဦ	ကျေးလက်လမ်းတံတား	ကျေးရွာတွင်းအုတ်စီရေမြောင်းတည်ဆောက်ခြင်း	၁	
၁၁	အခြေခံအဆောက်အဦ	ကျေးလက်လမ်းတံတား	ကျေးရွာတွင်းလမ်းသွယ်များကွန်ကရစ်ခင်းခြင်း	၂	
၁၂	အခြေခံအဆောက်အဦ	ကျေးလက်လမ်းတံတား	ထွန်စက်မောင်းသင်တန်းပြုလုပ်ခြင်း	၅	
၁၃	အခြေခံအဆောက်အဦ	ကျေးလက်လမ်းတံတား			
၁၄	အခြေခံအဆောက်အဦ	ကျေးလက်လမ်းတံတား			
၁၅	က	မဟာဓာတ်အားလိုင်း	ကျေးရွာတွင်း 400V ဓာတ်အားလိုင်းတိုးချဲ့ခြင်း	၃	
၁၃	လူငယ်နှင့်အားကစား	လူငယ့်အခွင့်အလမ်း			
၁၄	လူငယ်နှင့်အားကစား	လူငယ့်အခွင့်အလမ်း			
၁၅	လူငယ်နှင့်အားကစား	လူငယ့်အခွင့်အလမ်းနှင့် အမျိုးသမီး			
၁၆	သယံဇာတနှင့်သဘာဝဝန်းကျင်	မီးဘေးလုံခြုံရေး			

နောက်ဆက်တွဲ (၁)

အေးမြင့်သာယာကျေးရွာအုပ်စု၊ သာယာဝှမ်းကျေးရွာကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	အသက်	တာဝန်	ဖုန်းနံပါတ်
၁	ဦးမြင့်အောင်	ဦးပေါက်စ	၉/ပဗသ(နိုင်)၀၀၃၉၄၃	၅၆	ဥက္ကဋ္ဌ	မရှိ
၂	ဦးသိန်းထိုက်	ဦးကုလား	၉/ပမန(နိုင်)၂၄၂၅၁၉	၄၆	အတွင်းရေးမှူး	၀၉-၆၇၀၇၆၆၅၅၆
၃	ဦးဇေယျာလင်း	ဦးခင်မောင်ဝင်း	၉/ပဗသ(နိုင်)၀၀၁၂၁၇	၃၄	အဖွဲ့ဝင်	၀၉-၄၀၂၅၅၅၆၂၆
၄	ဦးအောင်ဝင်း	ဦးကြွယ်	၉/ပမန(နိုင်)၂၀၈၅၁၃	၅၀	အဖွဲ့ဝင်	၀၉-၂၅၀၀၉၉၇၁၇
၅	ဒေါ်စီစီခိုင်	ဦးထွန်းတင်	၉/ပမန(နိုင်)၂၄၂၅၆၅	၃၂	အဖွဲ့ဝင်	၀၉-၂၅၀၂၉၇၄၆၉
၆	ဒေါ်ရွှေစင်လင်း	ဦးမြင့်မော်	၉/ရမသ(နိုင်)၂၁၅၁၀၃	၃၀	အဖွဲ့ဝင်	၀၉-၂၅၁၀၈၅၉၃၈
၇	ဒေါ်မြင့်မြင့်ထွန်း	ဦးထွန်းဝင်း	၉/ပမန(နိုင်)၁၃၄၈၁၉	၄၅	အဖွဲ့ဝင်	၀၉-၂၅၄၂၂၄၂၆၁

အေးမြင့်သာယာကျေးရွာအုပ်စု၊ သာယာဝှမ်းကျေးရွာ၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း(ဝယ်ယူရေး)

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	အသက်	တာဝန်	ဖုန်းနံပါတ်
၁	ဦးဇေယျာလင်း	ဦးခင်မောင်ဝင်း	၉/ပဗသ(နိုင်)၀၀၁၂၁၇	၃၄	ဝယ်ယူရေး ဥက္ကဋ္ဌ	၀၉-၄၀၂၅၅၅၆၂၆
၂	ဦးအောင်ဝင်း	ဦးကြွယ်	၉/ပမန(နိုင်)၂၀၈၅၁၃	၅၀	ဘဏ္ဍာရေးမှူး	၀၉-၂၅၀၀၉၉၇၁၇
၃	ဒေါ်မြင့်မြင့်ထွန်း	ဦးထွန်းဝင်း	၉/ပမန(နိုင်)၁၃၄၈၁၉	၄၅	စာရင်းကိုင်	၀၉-၂၅၄၂၂၄၂၆၁

ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

(၁) ကျေးရွာလူမှုစီးပွားရေးအခြေအနေ

(က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား (၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း
၁ နှစ် အောက်	နို့စို့အရွယ်	၅	၂	၇
၁ နှစ်မှ ၄ နှစ် အထိ	၅ နှစ်အောက်ကလေးငယ်	၁၄	၁၃	၂၇
၅ နှစ်မှ ၉ နှစ် အထိ	မူလတန်းကျောင်းသားအရွယ်	၃၅	၄၄	၇၉
၁၀ နှစ်မှ ၁၄ နှစ် အထိ	အလယ်တန်းကျောင်းသားအရွယ်	၂၈	၃၈	၆၆
၁၅ နှစ်မှ ၆၄ နှစ် အထိ	အလုပ်လုပ်နိုင်သည့်အရွယ်	၂၄၅	၂၇၁	၅၁၆
၆၅ နှစ် အထက်	သက်ကြီးရွယ်ကြီး	၁၂	၂၆	၃၈
စုစုပေါင်း		**၃၃၉**	**၃၉၄**	**၇၃၃**
စုစုပေါင်း အိမ်ထောင်စု		**၁၈၃**		

ရင်းမြစ်...(၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ (၃) ဆယ်အိမ်စုဆွေးနွေးပွဲ။

လေ့လာတွေ့ရှိချက်။ ။သာယာဝမ်းကျေးရွာတွင် ၁၅နှစ်မှ၆၄နှစ်အကြား အလုပ်လုပ်နိုင်သည့် အရွယ်များဖြစ်၍ လုပ်သားအင်အားပေါများပါသည်။ ကျေးရွာအတွင်း အလုပ်လုပ်နိုင်သော လူဦးရေများပြားမှုကြောင့် လူသားအရင်းအမြစ်ကောင်းများအဖြစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် ထောက်ပံ့မှုပေးနိုင်ပါသည်။ မသန်စွမ်း(၁)ဦးခန့် တွေ့ရှိရ ပါသည်။

(ခ) အလုပ်လုပ်နိုင်သူအင်အား

(ခ-၁) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်း မဟုတ်သော အခြား ဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီး မှန်ရာတစ်ခုကိုသာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
စိုက်ပျိုးစီးပွား လုပ်ငန်းများ					
၁	**လယ်ယာစိုက်ပျိုးရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၁၁၆	၃၅၆	၁၄၂	မြင့် □ လတ်✓ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၂၅	၆၃	၃၈	မြင့် □ လတ်□ နိမ့် ✓

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်း မဟုတ်သော အခြား ဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီး မှန်ရာတစ်ခုကိုသာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
၂	**တိရစ္ဆာန် မွေးမြူရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၁၄	၇၉	၂၂	မြင့် ☐ လတ်✓ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၁၈	၄၂	၂၈	မြင့် ☐ လတ်☐ နိမ့်✓
၃	**ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် ☐ လတ်☐ နိမ့်☐
၄	**သစ်တောလုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် ☐ လတ်☐ နိမ့်☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် ☐ လတ်☐ နိမ့်☐
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ					
၅	**သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် ☐ လတ်☐ နိမ့်☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
၆	**ထုတ်ကုန်လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် ☐ လတ်☐ နိမ့်☐
	အလုပ်သမား / ဝန်ထမ်း	-	-		မြင့် ☐ လတ်☐ နိမ့် ☐
၇	**လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် ☐ လတ်☐ နိမ့်☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် ☐ လတ်☐ နိမ့်☐
၈	**ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	၁၂	၂၂		မြင့် ☐ လတ်✓ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၂၀	၄၉		မြင့် ☐ လတ်☐ နိမ့် ✓
၉	**ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း			-	မြင့် ☐ လတ်☐ နိမ့် ☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်း မဟုတ်သော အခြား ဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီး မှန်ရာတစ်ခုကိုသာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	အလုပ်သမား / ဝန်ထမ်း			-	မြင့် ☐ လတ်☐ နိမ့် ☐
၁၀	**ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)**				
	ကိုယ်ပိုင် လုပ်ငန်း	၆	၃	-	မြင့် ☐ လတ်✓ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် ☐ လတ်☐ နိမ့်☐
၁၁	**လက်လီ- လက်ကား ရောင်းဝယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၁၁	၇	-	မြင့် ☐ လတ်✓ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့်☐
၁၂	**ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း			-	မြင့် ☐ လတ်☐ နိမ့်☐
	အလုပ်သမား / ဝန်ထမ်း	-	-		မြင့် ☐ လတ်☐ နိမ့် ☐
၁၃	**ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ် ☐ နိမ့်☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့်☐
၁၄	**ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် ☐ လတ်☐ နိမ့်☐
၁၅	**အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
၁၆	**ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ကာကွယ်ရေးနှင့်ဘေးကင်းလုံခြုံရေး)**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား /	၇	-	-	မြင့် ☐ လတ် ✓ နိမ့် ☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်း မဟုတ်သော အခြား ဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီး မှန်ရာတစ်ခုကိုသာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	ဝန်ထမ်း				
၁၇	**ပညာရေး**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၆			မြင့် ☐ လတ်✓ နိမ့် ☐
၁၈	**ကျန်းမာရေး**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-		မြင့် ☐ လတ်✓ နိမ့် ☐
၁၉	**လူမှုရေး လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် ☐ လတ်☐ နိမ့်☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
၂၀	**အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း				
	အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား	၁၁			
၂၁	**ပြင်ပအဖွဲ့အစည်းများနှင့်ကုမ္ပဏီများတွင်လုပ်ကိုင်သူများ**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် ☐ လတ်☐နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း		-	-	မြင့် ☐ လတ်✓ နိမ့် ☐
	စုစုပေါင်း	၁၈၃	၆၂၁	၂၃၀	☒

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။**"အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူများ"** အရေအတွက်တွင် **"မိသားစုဝင်လုပ်အား"ထပ်မံထည့်သွင်း**ကောက်ယူခြင်းမပြုရပါ။**"ရပ်တည်နိုင်မှု (နိမ့်၊လတ်၊မြင့်)"** ဆိုသည်မှာဖော်ပြပါလုပ်ငန်းတစ်ခုတွင်ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ(သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ်လုပ်ကိုင်လိုသူများအတွက်အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှုအခြေအနေကို ဆိုလိုပါသည်။ဥပမာ –**"စိုက်ပျိုးရေး"** ကဏ္ဍ ၏ **"ကိုယ်ပိုင်လုပ်ငန်း"**တွင်ရပ်တည်နိုင်မှု **"မြင့်"** ဆိုပါကအဆိုပါလုပ်ငန်းတွင်ကိုယ်ပိုင်လုပ်ငန်းတစ်ခုလုပ်ကိုင်ရန်အခွင့်အလမ်းများနေသည်ဟု

ဆိုလိုပါသည်။

လေ့လာတွေ့ရှိချက်။ ။သာယာဝှမ်းကျေးရွာသည် စိုက်ပျိုးရေးမွေးမြူရေးကိုအဓိကထား လုပ်ကိုင်သူဦးရေများပြားပြီး တစ်ပိုင်တစ်နိုင်လုပ်ကိုင်သည့် အိမ်ထောင်စုများလည်း ရှိပါသည်။ ဆိုင်ကယ်ဖြင့် ခရီးသည်များပို့ဆောင်ခြင်းဖြင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို လုပ်ကိုင်သူအနည်းငယ်ရှိပါသည်။ စိုက်ပျိုးရေးလုပ်ငန်းနှင့် တစ်ပိုင်တစ်နိုင်ဈေးဆိုင်များ၊ မွေးမြူရေးလုပ်ငန်းများလုပ်ကိုင်ကြပြီး ပြည်ပသွားရောက်အလုပ်လုပ်ကိုင်မှုများကြောင့် အလယ်အလတ်ရပ်တည်နိုင်ပါသည်။ ကျေးရွာ၏(၈၀)ရာခိုင်နှုန်းမှာကျပန်းလုပ်ငန်းလုပ်ကိုင်ပါသည်။

(ခ-၂) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား

စဉ်	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၅၀၀၀	၅၀၀၀	၄၅၀၀	၄၅၀၀
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား	-	-	-	-
၃	ငါးလုပ်ငန်း (ရေချို/ရေငန်ငါးဖမ်းခြင်း၊ မွေးမြူခြင်း)	နေ့စား	-	-	-	-
၄	သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များထုတ်လုပ်ခြင်း	နေ့စား	-	-	-	-
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား		-	-	-
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား	၁၂၀၀၀	၇၀၀၀	၁၀၀၀၀	၆၀၀၀
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများပြင်ဆင်ရေး	နေ့စား	-	-	-	-
၈	လက်လီ-လက်ကား ရောင်းဝယ်ရေး	နေ့စား	-	၃၅၀၀	-	၃၅၀၀
၉	ကျွမ်းကျင်ပညာရှင်များ(ဆံပင်၊အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊သင်တန်းပေးသူစသည်)	နေ့စား	-	-	-	-
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း	နေ့စား	-	-	-	-

ရင်းမြစ်...ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လယ်သမားအုပ်စု။

မှတ်ချက်(၁) လခစားအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (လစာ÷၂၂.၇၅)

(၂) နာရီတွက်ဖြင့်ရသောအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈) လေ့လာတွေ့ရှိချက်။ ။ သာယာဝှမ်းကျေးရွာတွင် နေ့စားလုပ်ကိုင်သူအရေအတွက် အများအပြားရှိပါသည်။ သို့ရာတွင် ကျား၊မ ဝင်ငွေကွာခြားမှုရှိပါသည်။

(ဂ) သဘာဝရင်းမြစ်များ

(ဂ-၁) စိုက်ပျိုးနိုင်သောမြေဧရိယာ

ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာအရည်အသွေး(မှန်ရာတစ်ခုကိုသာ ရွေးရန်)		
လယ်မြေ	၁၂၂.၅	ကောင်း ☐	သင့် ✓	ညံ့ ☐
ယာမြေ/ တောင်ယာမြေ	၁၃၀	ကောင်း ☐	သင့် ✓	ညံ့ ☐
ဥယျာဉ်ခြံမြေ		ကောင်း ☐	သင့် ☐	ညံ့ ☐
ကိုင်း/ကျွန်းမြေ	-	ကောင်း ☐	သင့် ☐	ညံ့ ☐
ခနိတောမြေ	-	ကောင်း ☐	သင့် ☐	ညံ့ ☐
စားကျက်မြေ	-	ကောင်း ☐	သင့် ☐	ညံ့ ☐
မြေလွတ်မြေလပ်		ကောင်း ☐	သင့် ☐	ညံ့ ☐
စုစုပေါင်း	၂၅၂.၅	☒		

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။သာယာဝှမ်းကျေးရွာတွင် လယ်မြေ(၁၂၂.၅)ဧကနှင့် ယာမြေ(၁၃၀) ဧကရှိ ပါသည်။ မြေဆီလွှာမှာအသင့်အတင့်ကောင်းမွန်ပြီး သီးနှံစိုက်ပျိုးရာတွင် မိုးရေကိုသာ အဓိကအားထားစိုက်ပျိုးရပါသည်။ ထို့ကြောင့် သီးနှံအထွက်နှုန်းမှာ ရာသီဥတုပေါ်မူတည်၍ ကွာခြားမှုရှိပါသည်။ မိုးနည်းပါက စိုက်ပျိုးရေအခက်အခဲရှိပါသည်။

(ဂ-၂) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင်သဘာဝအတိုင်းတွေ့ရှိ နိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)
သတ္တုနှင့်အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ရေနံ၊ ကျောက်မျက်စသည်။)	များ☐ သင့်☐ နည်း☐ မရှိ ✓	လွယ် ☐ ခက် ☐ အသုံးမပြုနိုင်ပါ ☐
ကျောက်၊သဲ၊ကျောက်စရစ်	များ☐ သင့်☐ နည်း☐ မရှိ ✓	လွယ် ☐ ခက်☐

အမျိုးအစား	ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင်သဘာဝအတိုင်းတွေ့ရှိ နိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)
စသည်များ		အသုံးမပြုနိုင်ပါ ☐
သဘာဝအပင်မျိုးစိတ်များ(နွားစာ၊ဆေးဘက်ဝင်အပင်များ)	များ☐ သင့်☐ နည်း☐ မရှိ ✓	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐
သဘာဝတိရစ္ဆာန်မျိုးစိတ်များ	များ☐ သင့်☐ နည်း☐ မရှိ ✓	☒

ရင်းမြစ်...ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။သာယာဝှမ်းကျေးရွာတွင် ဓာတ်သတ္ထုနှင့်အခြားသဘာဝအရင်းအမြစ်များမရှိပါ။

(ဃ) ဥစ္စာဓနအဆင့်အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့်အခြေအနေ

အကြောင်းအရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သောအိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	၅ကေအထက်	၅ကေအောက်	၅ကေအောက်	မရှိ
အိမ်အခြေအနေ	တိုက်အိမ်	သွပ်မိုး၊ပျဉ်ထောင်၊ပျဉ်ခင်း၊ပျဉ်ကာ	သွပ်မိုး၊ပျဉ်ထောင်၊ပျဉ်ခင်း၊ပျဉ်ကာ၊ဝါးအိမ်	ဖက်မိုး၊ဖက်ကာ၊ဝါးခင်း၊ဝါးအိမ်တိုင်
ကုန်ထုတ်လုပ်မှုနှင့်ဆိုင်သောပိုင်ဆိုင်မှု	ကရိန်း၊ကား၊ဆိုင်ကယ်၊ထော်လာဂျီ၊လက်တွန်းထွန်စက်	ကား၊ဆိုင်ကယ်၊ထော်လာဂျီ၊လက်တွန်းထွန်စက်	လက်တွန်းထွန်စက်၊ဆိုင်ကယ်	မရှိ
အဓိကစီးပွားရေးလုပ်ငန်း	ရေခဲစက်၊အဆောင်၊စပါး၊ရော်ဘာခြံ၊စျေးဆိုင်၊စားသောက်ဆိုင်	စပါး၊ရော်ဘာခြံ၊စျေးဆိုင်	စပါး၊ဆိုင်ကယ်ကယ်ရီ၊ဘေးတွဲ၊ကုန်စုံဆိုင်	ကြုံရာကျပန်း
အိမ်ထောင်စု	၃၀	၃၀	၆၀	၆၃

ရင်းမြစ်... (၁) ကျေးရွာလုံးကျွတ်အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။သာယာဝှမ်းကျေးရွာတွင် အသင့်တင့်အဆင်ပြေသောအိမ်ထောင်စုအနည်းငယ်ရှိပါသည်။ထိုအိမ်ထောင်စုများမှာ တစ်နိုင်တစ်ပိုင်မွေးမြူရေးနှင့် ရောင်းဝယ်ရေးလုပ်ကိုင်ကြပါသည်။ မပြေလည်သောအိမ်ထောင်စုအများအပြားရှိပြီး တောင်သူငယ်နှင့်ကျပန်းလုပ်ငန်းများ လုပ်ကိုင်ကြပါသည်။မပြေလည်သောအိမ်ထောင်စုများပြားရခြင်းမှာ အလုပ်အကိုင်အခွင့်အလမ်းရှားပါးသောကြောင့်ဖြစ်ပါသည်။

(c-၁) ဝမ်းစာဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲတစ်နေ့လျှင်အနည်းဆုံးနှစ်နပ်စားနိုင်သည့်အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏၃၀ရာခိုင်နှုန်းစီ)

အချိန်ကာလ	အိမ်ထောင်စုအရေအတွက်	ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီအလိုက် အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်)
၃လအောက်ဝမ်းစာဖူလုံမှု	၉၆	အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = ၅၄ လုပ်အားခကြိုယူ = ၄၂
၃လနှင့်၆လကြားဝမ်းစာဖူလုံမှု	၅၀	အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = ပြင်ပချေးငွေယူ ချေးယူ = ၃၀ လုပ်အားခကြိုယူ = ၂၀
၆လမှ၁၂လအထိဝမ်းစာဖူလုံမှု	၃၇	အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = ၁၅ လုပ်အားခကြိုယူ = ၂၂

ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ရာခိုင်နှုန်းစီအား စစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။ ဥစ္စာဓနအဆင့် "၃" နှင့် "၄" ရှိသောမိသားစုများသည် ချေးယူသုံးစွဲသူများဟုဆိုနိုင်သည်။ အထောက်အပံ့နှင့်အလုပ်အကိုင်များလိုအပ်နေပါသည်။ အထူးသဖြင့် ပြည်ပနိုင်ငံများသို့ အစိုးရအထောက်အပံ့များနှင့် သွား၍လုပ်ကိုင်မှသာ ဥစ္စာဓနအဆင့်အတန်း ပိုမိုမြင့်မားလာနိုင်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(၄-၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ
ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အိုဖြင့်နှစ်နှင့်အထက်	-	-	-
မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသောမသန်စွမ်းသည့်ပုဂ္ဂိုလ်	-	-	-
	အိမ်ထောင်စုအရေအတွက်		
ဆင်းရဲ၍မိသားစဦးရေများသည့်အမျိုးသမီးဦးဆောင်အိမ်ထောင်စု	၃၀		
ဆင်းရဲ၍မိသားစုဦးရေများသည့်မုဆိုးဖို/တစ်ခုလပ်အိမ်ထောင်စု	၃၀		
အခြားဒေသသို့ကြာမြင့်စွာသွားရောက်နေထိုင်လုပ်ကိုင်နေသည့်ဆင်းရဲသည့်အိမ်ထောင်စု	-		

ရင်းမြစ်...ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု။
လေ့လာတွေ့ရှိချက်။ ။ဖြင့်နှစ်အထက်သက်ကြီးရွယ်အိုအများစုမှာ အမျိုးသမီးများဖြစ်ကြပါသည်။ကျန်းမာရေးအသင့်အတင့်ကောင်းမွန်ကြပြီးသားသမီးများနှင့်အတူနေထိုင်ကြပါသည်။
(၄-၃) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေ
ဇယား (၉) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေ

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)			
၁	စားနပ်ရိက္ခာမဖူလုံမှု	မြင့် ☐	လတ် ✓	နိမ့် ☐	မရှိ ☐
၂	သဘာဝရင်းမြစ်ရှားပါးမှု(မြေစိုက်ပျိုးရေ)	မြင့် ✓	လတ် ☐	နိမ့် ☐	မရှိ ☐
၃	ရေကြီးခြင်း	မြင့် ☐	လတ် ☐	နိမ့် ✓	မရှိ ☐
၄	မိုးခေါင်ခြင်း	မြင့် ☐	လတ် ✓	နိမ့် ☐	မရှိ ☐
၅	အအေးလွန်ကဲခြင်း	မြင့် ☐	လတ် ✓	နိမ့် ☐	မရှိ ☐
၆	မုန်တိုင်း	မြင့် ✓	လတ် ☐	နိမ့် ✓	မရှိ ☐
၇	ငလျင်	မြင့် ☐	လတ် ☐	နိမ့် ✓	မရှိ ☐
၈	မီးဘေး	မြင့် ☐	လတ် ✓	နိမ့် ☐	မရှိ ☐
၉	ဆားငန်ရေဝင်မြေ	မြင့် ☐	လတ် ☐	နိမ့် ✓	မရှိ ☐
၁၀	မြေပြိုခြင်း၊မြေဆီလွှာပျက်ယွင်းမှု	မြင့် ☐	လတ် ☐	နိမ့် ✓	မရှိ ☐
၁၁	သစ်တောပြုန်းတီးခြင်း	မြင့် ☐	လတ် ☐	နိမ့် ✓	မရှိ ☐
၁၂	ငှက်ဖျားရောဂါ	မြင့် ☐	လတ် ☐	နိမ့် ☐	မရှိ ✓
၁၃	တီဘီရောဂါ	မြင့် ☐	လတ် ☐	နိမ့် ✓	မရှိ ☐

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)			
၁၄	ကိုယ်ခံအားကျဆင်းမှုရောဂါ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ✓
၁၅	ပြည်တွင်းပဋိပက္ခ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ✓
၁၆	တိရစ္ဆာန်ကူးစက်ရောဂါကျရောက်မှု	မြင့် ☐	လတ် ☐	နိမ့်✓	မရှိ☐
၁၇	လူကုန်ကူးခြင်း	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ✓
၁၈	ဝေးလံခေါင်သီ/လမ်းပန်းဆက်သွယ်ရေးက်ခဲစသည်	မြင့် ☐	လတ် ✓	နိမ့်☐	မရှိ☐

ရင်းမြစ်...ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု။

လေ့လာတွေ့ရှိချက်။ ။ သာယာဝှမ်းကျေးရွာသည် စာနပ်ရိက္ခာဖူလုံပြီး သဘာဝဘေး အန္တရာယ်ဖြစ်သော ရေကြီးခြင်း၊ မိုးခေါင်းခြင်း၊ အအေးလွန်ကဲခြင်း၊မုန်တိုင်း၊ငလျင်နှင့် မီးဘေးတို့မှာ ဖြစ်ပွားမှုအလွန်နည်းပါးပြီး ထိခိုက်မှုလဲနည်းပါးပါသည်။ ထို့အပြင် ဆားငန်ရေ၊ မြေဆီလွှာပြိုခြင်း၊ သစ်တောပြုန်တီးခြင်းလည်းမရှိပါ။ ကိုယ်ခံအားကျဆင်းသည့် ရောဂါဖြစ်ပွားမှုမရှိပါ။ ရာသီတွင်ဂက်ဖျားရောဂါဖြစ်ပွားမှု အနည်းငယ်ရှိပြီး တီဘီရောဂါ ဖြစ်ပွားမှု အလွန်နည်းပါသည်။ ကျေးရွာသူ၊ ကျေးရွာသားများသည် စည်းစည်းလုံးလုံး နှင့်အတူတကွ နေထိုင်ကြသဖြင့် ပြည်တွင်းပဋိပက္ခများမရှိပါ။ ရာသီကူးပြောင်းမှုများတွင် ခွာနာ၊လျှာနာရောဂါစသည့် တိရိစ္ဆာန်ရောဂါများ ဖြစ်ပွားလေ့ရှိပြီး၊ ကြက်၊ ဝက်တုပ်ကွေး ရောဂါများဖြစ်ပွားမှု အနည်းငယ်တွေ့ရပါသည်။ ကျေးရွာတွင်လူကုန်ကူးမှု မရှိပါ။

(၄-၄) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

စဉ်	ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)			
၁	လူငယ်	မြင့် ☐	လတ် ☐	နိမ့် ✓	မရှိ☐
၂	အမျိုးသမီးဦးဆောင်သည့်ဆင်းရဲသည့်အိမ်ထောင်စု	မြင့် ☐	လတ် ☐	နိမ့် ✓	မရှိ☐
၃	မြေယာမဲ့၊ဆင်းရဲသားတောင်သူ	မြင့် ☐	လတ် ☐	နိမ့် ✓	မရှိ☐
၄	သဘာဝဘေးဒဏ်ဆိုးရွားစွာကျရောက်နိုင်သော အိမ်ထောင်စု/ကူးစက်ရောဂါထူပြောသောဒေသ တွင်နေထိုင်သူ	မြင့် ☐	လတ် ☐	နိမ့် ✓	မရှိ☐
၅	မြစ်ကမ်းဘေးနေထိုင်သူများ	မြင့် ☐	လတ် ☐	နိမ့် ☐	မရှိ ✓
၆	မတော်တဆမှုဖြစ်နိုင်ခြေများသောနေရာ (Prone to accident) တွင်နေထိုင်သူများ	မြင့် ☐	လတ် ☐	နိမ့် ☐	မရှိ ✓
၇	ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ(IDP)	မြင့် ☐	လတ် ☐	နိမ့် ☐	မရှိ ✓
၈	မြေနိမ့်ပိုင်းနေထိုင်သူများ	မြင့် ☐	လတ် ☐	နိမ့် ☐	မရှိ ✓
၉	ငါးကန်ပိုင်ရှင်များ	မြင့် ☐	လတ် ☐	နိမ့် ☐	မရှိ ✓

စဉ်	ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)			
၁၀	လက်လုပ်လက်စားများ၊ကျပန်းများ	မြင့် □	လတ် □	နိမ့် □	မရှိ ✓
၁၁	လူနည်းစုလူမျိုးများ	မြင့် □	လတ် □	နိမ့် □	မရှိ ✓
၁၂	ဒေသတွင်းပဋိပက္ခဧရိယာတွင်နေထိုင်သူများ	မြင့် □	လတ် □	နိမ့် □	မရှိ ✓
၁၃	နယ်စပ်ဒေသတွင်နေထိုင်သူများ	မြင့် □	လတ် □	နိမ့် □	မရှိ ✓
၁၄	ရွှေတွင်းလုပ်သားများ	မြင့် □	လတ် □	နိမ့် □	မရှိ ✓
၁၅	ဆေးစွဲသူများ	မြင့် □	လတ် □	နိမ့် □	မရှိ ✓
၁၆	ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ	မြင့် □	လတ် □	နိမ့် ✓	မရှိ □
၁၇	လှည့်လည်သွားလာ၍စျေးရောင်းသူများ	မြင့် □	လတ် □	နိမ့် ✓	မရှိ □
၁၈	နေရပ်ပြန်အခြေချသူများ	မြင့် □	လတ် □	နိမ့် □	မရှိ ✓
၁၉	ရွှေ့ပြောင်းလုပ်သားများ	မြင့် □	လတ် □	နိမ့် □	မရှိ ✓
၂၀	ကားမောင်းပြီးအသက်မွေးသူများ	မြင့် □	လတ် □	နိမ့် ✓	မရှိ□

ရင်းမြစ်...ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု။

လေ့လာတွေ့ရှိချက်။ ။ သာယာဝှမ်းကျေးရွာတွင် အမျိုးသမီးဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စုများနှင့် လက်လုပ်လက်စားကျပန်းများလုပ်ကိုင်သည့် အိမ်ထောင်စုများသည် အလုပ်အကိုင်ရှားပါးချိန်တွင် ထိုမိသားစုရှိကျောင်းနေအရွယ်ကလေးငယ်များ အလုပ်လုပ်ကိုင်နေရသည်မှာ အဆိုးဝါးဆုံးသောထိခိုက်မှုဖြစ်ပါသည်။

(၂) ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ

(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများအခြေအနေ

(က-၁) ကျေးရွာတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)
			ကျား	မ	ပေါင်း		
၁	ဘာသာရေး	၁□၂□၃✓	၈	၁၅	၂၃	ပညာရေး□ငွေကြေး□ ကျန်းမာရေး□ ဘာသာရေး✓ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး✓ လုံခြုံရေးနှင့်ကာကွယ်ရေး□	ကောင်း✓ သင့်□ ညံ့□
၂	မီးလင်းရေးကော်မတီ	၁□၂✓၃□	၅		၅	ပညာရေး□ငွေကြေး□ ကျန်းမာရေး□ ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□	ကောင်း✓ သင့်□ ညံ့□

စဉ်	အဖွဲ့အစည်း အမည်	အမျိုးအစား (မှန်ရာတစ်ခုကို သာရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု(မှန်ရာ တစ်ခုကိုသာ ရွေးရန်)
			ကျား	မ	ပေါင်း		
						သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး✓ လုံခြုံရေးနှင့်ကာကွယ်ရေး✓	
၃	ကျောင်း ကော်မတီ	၁□/✓၃□	၄	၃	၇	ပညာရေး✓ငွေကြေး□ ကျန်းမာရေး□ ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး✓ လုံခြုံရေးနှင့်ကာကွယ်ရေး□	ကောင်း✓ သင့်□ ညံ့□
၄	-	၁□/✓□၃	-	-	-	ပညာရေး□ငွေကြေး□ ကျန်းမာရေး□ ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□ လုံခြုံရေးနှင့်ကာကွယ်ရေး□	ကောင်း□ သင့်□ ညံ့□
၅	-	၁□/✓□၃	-	-	-	ပညာရေး□ငွေကြေး□ ကျန်းမာရေး□ ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□ လုံခြုံရေးနှင့်ကာကွယ်ရေး□	ကောင်း□ သင့်□ ညံ့□

ရင်းမြစ်...ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ငွေစုငွေချေးအဖွဲ့စသည့်။

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊လူငယ်အဖွဲ့၊ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့်ယဉ်ကျေးမှုအဖွဲ့။

လေ့လာတွေ့ရှိချက်။ ။ သာယာဝှမ်းကျေးရွာသည် ဗုဒ္ဓဘာသာ ကိုးကွယ်မှုအများဆုံးဖြစ်သောကြောင့် ဘုရား၊ကျောင်းကန်၊ရဟန်းသံဃာတို့၏ ဝေယျာဝစ္စများကို ကျေးရွာ၏ဘာသာရေးအဖွဲ့သားများမှဦးဆောင်လုပ်ကိုင်ကြပြီး စွမ်းဆောင်ရည်အသင့်အတင့်ရှိကြောင်းတွေ့ရပါသည်။ကျေးရွာရှိကျန်အဖွဲ့များမှာလည်း စွမ်းဆောင်ရည်အသင့်အတင့်ရှိကြပါသည်။

(က-၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

စဉ်	အမည်	အဖွဲ့အစည်းအမျိုးအစား(မှန်ရာတစ်ခုကိုသာရွေးရန်)	အဖွဲ့အစည်း၏လုပ်ငန်းတာဝန်များနှင့်အစီအစဉ်(အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်)
၁		၁□၂□၃□၄□၅□၆□၇□	ပညာရေး□ငွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□
၂		၁□၂□၃□၄□၅□၆□၇□	ပညာရေး□ငွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□

ရင်းမြစ်...ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု။

မှတ်ချက်။

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ) (ဥပမာ-ဓမ္မစကူးလ်ဖောင်ဒေးရှင်း၊ Christian Aid Missions စသည်)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ) (ဥပမာ- Care International, Save the Children, Gret, Pact Myanmar စသည်)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) နိုင်ငံအများ၏ရန်ပုံငွေဖြင့်ဆောင်ရွက်သောဖွံ့ဖြိုးရေးအဖွဲ့အစည်းများ (ဥပမာ-ကုလသမဂ္ဂအဖွဲ့၊ကမ္ဘာ့ဘဏ်၊အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) နိုင်ငံတစ်ခု၏ရန်ပုံငွေဖြင့်ဖွဲ့စည်းထားသောဖွံ့ဖြိုးရေးအဖွဲ့အစည်းများ (ဥပမာ GIZ, UKAid, USAid, စသည်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

နိုင်ငံတော်မှဒေသအကျိုး၊ပြည်သူ့အကျိုးကိုထိရောက်စွာထမ်းဆောင်နိုင်စေရန်အလို့ငှာဥပဒေ၊နည်းဥပဒေ၊လမ်းညွှန်ချက်များဖြင့်ပြဋ္ဌာန်းကာဖွဲ့စည်းပေးထားနေသောအဖွဲ့အစည်း၊အသင်းအဖွဲ့များ(ဥပမာ- သမဝါယမဦးစီးဌာန၏သမဝါယမအသင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏မြစိမ်းရောင်စသည်) တို့ကိုဤယေးတွင် ထည့်သွင်းဖော်ပြခြင်းမပြုပါရန်။

လေ့လာတွေ့ရှိချက်။ ။ သာယာဝှမ်းကျေးရွာတွင်ဖွံ့ဖြိုးရေးဆောင်ရွက်နေသည့် ပြင်ပအဖွဲ့အစည်းမရှိကြောင်းလေ့လာတွေ့ရှိရပါသည်။

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ခ-၁) သီးနှံထုတ်လုပ်ရေး

(၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၁၃) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့်အိမ်ထောင်စု

စဉ်	မြေပိုင်ဆိုင်မှုအရွယ်အစား	အိမ်ထောင်စုအရေအတွက်	ဖွံ့ဖြိုးရေးအမြင်သတ်မှတ်ချက်
၁	မြေယာမဲ့	၁၂၁	မြေမဲ့ယာမဲ့
၂	၂.၅ဧကအောက်	၂၄	ဆင်းရဲသားတောင်သူ
၃	၂.၅ဧကမှ၅ဧကကြား	၁၉	တောင်သူငယ်
၄	၅ဧကမှ၁၂.၅ဧကကြား		တောင်သူလတ်
၅	၁၂.၅ဧကအထက်	၁၉	တောင်သူကြီး
ကျေးရွာရှိအိမ်ထောင်စုစုပေါင်း		၁၈၃	

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။ လေ့လာတွေ့ရှိချက်။ ။ သာယာဝှမ်းကျေးရွာတွင် မြေယာမဲ့အိမ်ထောင်စုများနှင့် ဆင်းရဲသားတောင်သူများနှင့် တောင်သူငယ်များ အများစုရှိပါသည်။ အများစုသည် နေ့စား ကျပန်းနှင့်ပြည်ပတွင် သွားရောက်လုပ်ကိုင်နေရသဖြင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရန်လိုအပ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(၂) အစိုးရနှင့်ပုဂ္ဂလိကရေအရင်းအမြစ်များမှရေသွင်းနိုင်သည့်ဧရိယာ

ဇယား (၁၄) ကျေးရွာ၏ရေအရင်းအမြစ်နှင့်ရေသွင်းဧရိယာ

စဉ်	အရင်းအမြစ်	ရေသောက်(ဧက)	ရေရရှိနိုင်မှု	
			တစ်နှစ်ပတ်လုံး/ ရာသီအလိုက်(မှန်ရာတစ်ခုကိုသာရွေးရန်)	လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခုကိုသာရွေးရန်)
၁	ဆည်	-	တစ်နှစ်ပတ်လုံး□ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□ မရှိ□ မဖြေဆိုပါ□
၂	ရေလွှဲဆည်	-	တစ်နှစ်ပတ်လုံး□ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□ မရှိ□ မဖြေဆိုပါ□
၃	မြစ်ရေတင်စီမံကိန်း	-	တစ်နှစ်ပတ်လုံး□ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□ မရှိ□ မဖြေဆိုပါ□
၄	ရေသွင်းမြောင်း	-	တစ်နှစ်ပတ်လုံး□ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□ မရှိ□ မဖြေဆိုပါ□
၅	အဝီစိတွင်း	-	တစ်နှစ်ပတ်လုံး□ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□ မရှိ□ မဖြေဆိုပါ□
၆	လက်ငင်	-	တစ်နှစ်ပတ်လုံး□ရာသီအလိုက်□	ရှိ□ မရှိ□ မဖြေဆိုပါ□

စဉ်	အရင်းအမြစ်	ရေသောက်(ဧက)	ရေရရှိနိုင်မှု	
			တစ်နှစ်ပတ်လုံး/ ရာသီအလိုက်(မှန်ရာတစ်ခုကိုသာရွေးရန်)	လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခုကိုသာရွေးရန်)
	ရေတွင်း		မဖြေဆိုပါ□	
၇	စိမ့်စမ်းရေ	-	တစ်နှစ်ပတ်လုံး□ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□ မရှိ□ မဖြေဆိုပါ□
၈	ချောင်းရေ	-	တစ်နှစ်ပတ်လုံး□ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□ မရှိ□ မဖြေဆိုပါ□

ရင်းမြစ်... (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန၊စိုက်ပျိုးရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ သာယာဝှမ်းကျေးရွာတွင်ရေသွင်းစိုက်ပျိုးခြင်းမရှိပါ။

(၃) အဓိကသီးနှံများနှင့်အထွက်နှုန်း

ဇယား (၁၅) အဓိကသီးနှံများနှင့်အထွက်နှုန်း

သီးနှံ	စုစုပေါင်းစိုက်ကေ	တစ်ဧကအထွက်နှုန်း				သီးနှံစိုက်ပျိုးသည့်ကာလ		သွင်းအားစုလိုအပ်ချက် (မှန်ရာတစ်ခုကိုသာရွေးရန်)	အမြတ်ရရှိနိုင်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)
		ယူနစ်	အနည်းဆုံး	အများဆုံး	ပျမ်းမျှ	မှ	ထိ		
စပါး	၇၀	တင်း	၆၀	၁၀၀	၈၀	ဇွန်	နိုဝင်ဘာ	မြင့်□လတ်✓နိမ့်□	မြင့်□လတ်✓နိမ့်□
နှမ်း	၁၂.၅	တင်း	၇	၁၃	၁၀	ဇူလိုင်လ	ဒီဇင်ဘာ	မြင့်□လတ်✓နိမ့်□	မြင့်□လတ်✓နိမ့်□
မတ်ပဲ	၃၀	တင်း	၅	၁၅	၁၀	နိုဝင်ဘာ	ဖေဖြေလ	မြင့်□လတ်✓နိမ့်□	မြင့်□လတ်✓နိမ့်□
ကြံ	၃၀	တန်	၃၀	၆၀	၅၀	ဒီဇင်ဘာ	ဒီဇင်ဘာ	မြင့်□လတ်✓နိမ့်□	မြင့်□လတ်✓နိမ့်□
								မြင့်□လတ်□နိမ့်□	မြင့်□လတ်□နိမ့်□
								မြင့်□လတ်□နိမ့်□	မြင့်□လတ်□နိမ့်□

ရင်းမြစ်...ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု။

လေ့လာတွေ့ရှိချက်။ ။ သာယာဝှမ်းကျေးရွာ၏စပါးစိုက်တောင်သူများသည် မိုးရေကိုသာ အဓိကထား၍စိုက်ပျိုးလျက်ရှိပြီး မတ်ပဲ၊နှမ်း၊ကြံတို့ကိုလည်း စိုက်ပျိုးကြပြီး စိုက်ပျိုးရေးဖြစ်ထွန်းအောင်မြင်စေရန် စိုက်ပျိုးရေလိုအပ်ကြောင်း လေ့လာတွေ့ရှိရပါသည်။ သီးနှံများရောင်းချရာတွင် စျေးကွက်မတည်ငြိမ်သောကြောင့် အမြတ်အစွန်းရရှိမှုနည်းပါးပါသည်။

(၄) လယ်ယာသုံးစက်ကိရိယာများ

ဇယား (၁၆) ကျေးရွာ၏စိုက်ပျိုးရေးသုံးကိရိယာများပိုင်ဆိုင်မှု

စက်အမျိုးအစား	တစ်ဦးချင်းပိုင်	ရွာပိုင်	အဖွဲ့ပိုင်	ငှားရမ်းလုပ်ကိုင်နေသော တောင်သူအရေအတွက်
ထွန်စက်	–	–	–	–
လက်တွန်းထွန်စက်	–	–	–	–
အစေ့ချကိရိယာ	–	–	–	–
ရိတ်သိမ်းခြွေလှေ့စက်	–	–	–	–
ရိတ်သိမ်းစက်	–	–	–	–
ခြွေလှေ့စက်	–	–	–	–
ရေစုပ်စက်	–	–	–	–
ခြေနင်းရေတင်စက်	–	–	–	–
မြက်ရိတ်စက်	–	–	––	–

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု။

လေ့လာတွေ့ရှိချက်။ ။ သာယာဝှမ်းကျေးရွာတွင် လယ်ယာသုံးစက်ကိရိယာပိုင်ဆိုင်မှုမရှိသောကြောင့် ငှားရမ်းအသုံးပြုကြပါသည်။

(၅) သီးနှံအထွက်နှုန်းတိုးစေရန်အတွက်အခွင့်အလမ်းများ

ဇယား (၁၇) သီးနှံအထွက်နှုန်းတိုးစေရန်အတွက်အခွင့်အလမ်းများ

အခွင့်အလမ်း	ဖော်ပြချက်/ရှင်းလင်းချက်(မှန်ရာတစ်ခုကိုသာရွေးရန်။ဇယား၁၇နှင့်၁၈ကိုချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။ဖြေဆိုရန်မလိုအပ်ဟုယူဆသောအချက်များရှိပါက “မဖြေဆိုပါ” ဟူသောအကွက်ကိုရွေးရန်။)
သဘာဝရေမြေရာသီဥတုအနေအထား	အလွန်ကောင်း☐ ကောင်း☐ သင့်တင့်မျှတ✓ မဖြေဆိုပါ☐
လယ်ယာမြေအသုံးချနိုင်မှု	အလွန်ကောင်း☐ ကောင်း☐ သင့်တင့်မျှတ✓ မဖြေဆိုပါ☐
စိုက်ပျိုးရေအရင်းအမြစ်	အလွန်ကောင်း☐ ကောင်း☐ သင့်တင့်မျှတ☐ မဖြေဆိုပါ✓
ချေးငွေနှင့်ငွေကြေးဝန်ဆောင်မှု	အလွန်ကောင်း✓ ကောင်း☐ သင့်တင့်မျှတ☐ မဖြေဆိုပါ☐
သီးနှံမျိုးစေ့ရရှိနိုင်မှု	အလွန်ကောင်း☐ ကောင်း✓ သင့်တင့်မျှတ☐ မဖြေဆိုပါ☐
သဘာဝမြေဆွေး / အော်ဂဲနစ်မြေဩဇာနှင့်အခြားအော်ဂဲနစ်သွင်းအားစုများ	အလွန်ကောင်း☐ ကောင်း☐ သင့်တင့်မျှတ✓ မဖြေဆိုပါ☐
ဓာတုပိုးသတ်ဆေး၊ဓာတ်မြေဩဇာနှင့် အခြားဓာတုဗေဒသွင်းအားစုများ	အလွန်ကောင်း☐ ကောင်း✓ သင့်တင့်မျှတ☐ မဖြေဆိုပါ☐
လုပ်သားရရှိနိုင်မှု	အလွန်ကောင်း☐ ကောင်း✓ သင့်တင့်မျှတ☐ မဖြေဆိုပါ☐

အခွင့်အလမ်း	ဖော်ပြချက်/ရှင်းလင်းချက်(မှန်ရာတစ်ခုကိုသာရွေးရန်။ဇယား၁၇နှင့်၁၈ကိုချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။ဖြေဆိုရန်မလိုအပ်ဟုယူဆသောအချက်များရှိပါက "မဖြေဆိုပါ" ဟူသောအကွက်ကိုရွေးရန်။)
နည်းပညာ၊အုပ်ချုပ်ရေးပိုင်းဆိုင်ရာ ဝန်ဆောင်မှုများ	အလွန်ကောင်း☐ ကောင်း☐ သင့်တင့်မျှတ✓ မဖြေဆိုပါ☐
သီးနှံစျေးကွက်နှင့်ကုန်သွယ်မှု	အလွန်ကောင်း☐ ကောင်း☐ သင့်တင့်မျှတ✓ မဖြေဆိုပါ☐

ရင်းမြစ်... (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ်အစိုးရဦးစီးဌာနများ။

လေ့လာတွေ့ရှိချက်။ ။ သီးနှံအထွက်တိုးစေမည့် အရေးကြီးဆုံးအပိုင်းမှာ နည်းပညာပိုင်းနှင့်စိုက်ပျိုးရေရှိရန် လိုအပ်လျက်ရှိကြောင်း ထိုနည်းပညာများရရှိပါက သာယာကျေးရွာရှိတောင်သူများ သီးနှံအထွက်တိုးမည်ဖြစ်ကြောင်း လေ့လာတွေ့ရှိ ရပါသည်။

(၆) သီးနှံထုတ်လုပ်မှုအတွက်ပြဿနာနှင့်အခက်အခဲများ

ဇယား (၁၈) သီးနှံထုတ်လုပ်မှုအတွက်ပြဿနာနှင့်အခက်အခဲများ

ပြဿနာနှင့်အခက်အခဲများ	ဖော်ပြချက်/ရှင်းလင်းချက် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။ဇယား၁၇နှင့်၁၈ကိုချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။ဖြေဆိုရန်မလိုအပ်ဟုယူဆသောအချက်များရှိပါက "မဖြေဆိုပါ" ဟူသောအကွက်ကိုရွေးရန်။)
သဘာဝရေမြေရာသီဥတုအနေအထား	မြေဆီဩဇာမကောင်း ☐ ရာသီဥတုမမှန် ✓ မဖြေဆိုပါ ☐
